ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နွားထိုးကြီးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း(ဒုတိယနှစ်စက်ဝန်း)

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)


စည်သာကျေးရွာ၊စည်သာကျေးရွာအုပ်စု

၂၀၁၈ ခုနှစ် နွားထိုးကြီးမြို့နယ်


# မာတိကာ　　　　　　　　　　　　　　　　　　　　စာမျက်နှာ


| | | |
|---|---|---|
| ၁။ | မြို့နယ်မြေပုံ | ၁ |
| ၂။ | ကျေးရွာမြေပုံ(တည်နေရာ) | ၂ |
| ၃။ | အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၂ |
| ၄။ | ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း) | ၃ |
| ၅။ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား | ၄ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ | ၆ |
| ၇။ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ | ၂၅ |
| ၈။ | ကျေးရွာအချက်အလက်(ပုံစံ-၁) | ၂၆ |
| ၉။ | စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂) | ၂၉ |
| ၁၀။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃) | ၃၀ |
| ၁၁။ | အစည်းအဝေးမှတ်တမ်းများ | ၃၂ |
| ၁၂။ | ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၇ |
| ၁၃။ | ကျေးရွာဖွံ့ဖြိုးရေးစီမံချက် အရည်အသွေးထိန်းချုပ်မှု (Checklist For VDP) | ၃၈ |

# ၁။ နွားထိုးကြီး မြို့နယ်မြေပုံ



## ၂။ ကျေးရွာမြေပုံ (တည်နေရာ)



ကျေးရွာတည်နေရာ- လတ္တီတွဒ် 21.62 လောင်တီတွဒ် 95.65

## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | အိမ်ထောင်စု | (ကျား)စုစုပေါင်း | (မ)စုစုပေါင်း | လူမျိုးစုများ |
|---|---|---|---|---|---|---|
| ၁ | စည်သာကျေးရွာအုပ်စု | ဖောင်ချဉ်းတောင် | ၃၃၀ | ၇၂၂ | ၇၄၇ | ဗမာ |
| ၂ | | ဖောင်ချဉ်းမြောက် | ၁၆၀ | ၃၈၂ | ၃၉၃ | ဗမာ |
| ၃ | | စည်သာ | ၄၃ | ၁၁၃ | ၁၂၅ | ဗမာ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ( ကျေးရွာသမိုင်းကြောင်း)

### စည်သာကျေးရွာသမိုင်း

ယခုစည်သာရွာလေးသည် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်တွင် တည်ရှိပါသည်။ မြို့နယ်၏ အစွန်ဆုံးရွာကလေးဖြစ်ပြီး၊ မြို့နယ်(၃)မြို့နယ်၏ကြားဝေးလံခေါင်းပါး သောရွာလေးတစ်ရွာဖြစ်ပါသည်။

စည်သာကျေးရွာသည် ယခင်က ရွာကြီးတစ်ရွာဖြစ်ပြီး ကျေးရွာ၏ အနီးအနားတွင် လိပ္ပတ်ရွာဟုအမည်တွင်သော ကျေးရွာတစ်ရွာလည်းဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်တွင် လိပ္ပတ်ရွာသည် စစ်ဘေးဒဏ်ကြောင့် ရွာပျက်ခဲ့ပြီး လိပ္ပတ်ရွာနှင့် စည်သာကျေးရွာမှ ရွာသူရွာသားများပေါင်းစု၍ ယခု လက်ရှိစည်သာကျေးရွာနေရာတွင် အိမ်ခြေလေးငါးစုမှစ၍ ကျေးရွာစတင်တည်ထားခဲ့ပြီး စည်ပင် သာယာဝပြောရန်ရည်ရွယ်၍ စည်သာ ဟု အမည်စတင်ခေါ်ဝေါ်ခဲ့ပါသည်။ ရေးလူကြီးသူမများက စည်သာနှင့် လိပ္ပတ်ကိုပေါင်း၍ စည်သာလိပ္ပတ်ဟု ယခုတိုင် ခေါ်ဝေါ်နေကြသေးသည်။ အမှန်တကယ်မှာ လိပ္ပတ်ရွာသည် လုံးဝပျက်စီး သွားချေပြီဖြစ်သည်။ထိုခေတ်ထိုအခါက နယ်မြေ အေးချမ်းမှုမရှိသေးသောကြောင့် ပုံးဒဏ် ကြောက်ရွံ့ကြ၍ လိပ္ပတ်ရွာမှ ကျန်ရှိသူများနှင့် စည်သာ ကျေးရွာမှ လူအချို့က တစ်နယ်တစ်ကျေးသို့ပြောင်းရွှေ့ကြသောကြောင့် အိမ်ခြေလေးငါးစုခန့် စည်သာရွာကလေးသာ ကျန်ရစ်ခဲ့ပေသည်။

ယခုလက်ရှိစည်သာကျေးရွာ၏ အိမ်ခြေမှာ(၄၀)ခန့်သာ ရှိသေးသည်။ စည်သာရွာကလေး မှာ သုံးမြို့နယ်၏ အဆုံးတွင်တည်ရှိ၍ အနောက်ဘက်တွင် မြင်းခြံမြို့နယ်၊ တောင်ဘက်တွင် နွားထိုးကြီးမြို့နယ်၊ မြောက်ဘက်တွင် ငါန်းဇွန်မြို့နယ်တို့၏ အလယ်တွင်ရှိပါသည်။ မြို့နယ်တိုင်း၏ အစွန်ဆုံးရွာကလေးဖြစ်သည်။ ပညာရေးတွင် မူလတန်းအဆင့်သာရှိပြီး လမ်းပန်းဆက်သွယ်ရေး လည်း ကောင်းမွန်မှုမရှိပါ။ ကျေးရွာ၏ လိုအပ်သော အခြေခံ အဆောက်အအုံများပြည့်စုံမှုမရှိပါ။

ယနေ့အချိန်အခါတွင် နိုင်ငံတကာအဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှု ကျေးရွာသူ ကျေးရွာသားများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ကျေးရွာကလေး၏ လိုအပ်နေသော အခြေခံအဆောက် အဦးများ ပြည့်စုံကောင်းမွန်အောင်ဆောင်ရွက်လျှက်ရှိနေသောရွာကလေးတစ်ရွာဖြစ်ပါသည်။

# (က)လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်း

စည်သာကျေးရွာအတွင်းရှိအိမ်ထောင်စုအများစုသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျပန်းလုပ်ငန်း (ပန်းရံ) လုပ်ငန်းများအားအဓိကထားအသက်မွေးကြကြောင်းတွေ့ရှိရပါသည်။ မြို့နှင့်အခြားကျေးရွာများသို့ အဓိက ထားဆက်သွယ်သောလမ်းများမှာမိုးရာသီတွင် သွားလာရခက်ခဲနေသည်ကို တွေ့ရှိရပါသည်။ မိုးခေါင်ရေရှားမှုများ နှစ်စဉ် ကြုံလာရပြီးစိုက်ပျိုးသီးနှံများ ဖြစ်ထွန်းမှုနည်းပါးလာနေသည်ကို တွေ့ရှိရပါသည်။

အခြားသောရာသီများတွင် ယာလုပ်ငန်းခွင်များဝင်ရောက်လုပ်ကိုင်နေကြရသောကြောင့် တပို့တွဲ၊ တပေါင်း၊တန်ခူးလများတွင် စီမံကိန်းလုပ်ငန်းခွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်လျှင် ကျေးရွာလူထု ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်မည်ကိုတွေ့ရှိရပါသည်။ ကျေးရွာအတွင်းလုပ်ငန်းခွင်များတွင် အမျိုးသားများသည်အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိနေသည်ကိုတွေ့ရပါသည်။ ကျေးရွာအတွင်း အိမ်ထောင်စုများတွင်အလယ်အလတ်တန်းအဆင့်အိမ်ထောင်စုပိုမိုများပြားသည်ကိုတွေ့ရပါသည်။လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းတွင်ကျေးရွာသားများပါဝင်ဆောင်ရွက်ရလျှင် ကျေးရွာအတွင်းရှိ ဆင်းရဲသော အိမ်ထောင်စုများအတွက် ဝင်ငွေအခွင့်အလမ်းတိုးတက်ရရှိမည်ဖြစ်ပါသည်။


ကျေးရွာ၏ဖွံ့ဖြိုးရေးနှင့်အခြားအရေးကိစ္စရပ်အတော်များများတွင် အမျိုးသားများကအမျိုးသမီးများထက် ဦးဆောင်မှုတွင် ပိုမိုပါဝင်ဆောင်ရွက်နေကြသည်ကိုသာတွေ့ရှိရပြီး အမျိုးသမီးများသည် မိမိကိုယ်ကိုယုံကြည် စိတ်အားနည်းကာ မှီခိုသောအကျင့်များနေသည်ကိုတွေ့ရှိရပါသည်။ သို့ဖြစ်ပါသဖြင့် အမျိုးသမီးများကိုလည်း ကျေးရွာ၏ ဖွံ့ဖြိုးရေးများတွင် ပူးပေါင်းပါဝင်ဆုံးဖြတ်တတ်သော အလေ့အကျင့်နှင့်လုပ်ကိုင်ခွင့် ပိုမိုရရှိအောင် ကူညီပံ့ပိုးသင့်ပါသည်။ ကျေးရွာအတွင်းကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ကိုင်ဆောင်ရွက်နေသော အဖွဲ့အစည်းအတော် များများရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာအဖွဲ့အစည်းများသည် အချို့သောကျေးရွာပြင်ပဖွံ့ဖြိုးရေးအဖွဲ့ အစည်းများဖြင့်ချိတ်ဆက်ဆောင်ရွက်နေသည်ကိုလည်းတွေ့ရှိရပြီးကျေးရွာအတွင်းအဖွဲ့အစည်းအချင်းချင်းမှာလည်း ချိတ်ဆက်မှု အားကောင်းသည်ကိုလည်းတွေ့ရှိရပါသည်။

# (ခ)အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PRA/PSA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ ( Social Map / Resource Map) | ၈.၁၁. ၁၇ | ရွာလူထု | ၃ | ၅ | ၈ | ကျေးရွာနယ်နိမိတ်အတွင်းရှိ အိမ်ခြေအဆောက်အဦ၊ဘုရားပုထိုးများစသောကျေးရွာ၏လက်ရှိအခြေအနေနှင့်လယ်မြေစိုက်ခင်း၊ပိုင်ဆိုင်မှုပြအခြေအနေများကိုရေးဆွဲဖော်ထုတ်ခဲ့သည်။ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် ( Seasonal Calender) | ၈.၁၁. ၁၇ | ရွာလူထု | ၇ | ၈ | ၁၅ | ကျေးရွာရှိရွာသူရွာသားများ၏ ရာသီအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စိုက်ပျိုးချိန်ရိတ်သိမ်းချိန်၊ တိရိစ္ဆာန်များရောဂါဖြစ်ပွားမှု၊ သီးနှံများပိုးမွှားကျရောက်မှု၊ ရာသီပွဲတော်များ၊ ကျေးရွာမှ လူများဝင်ငွေရရှိမှုအခြေအနေများကိုကျေးရွာမှ လူများပါဝင်ဆွေးနွေး ရေးဆွဲကြသည်။ |
| ၃ | ကျေးရွာ၏ဦးစားပေးအစီအစဉ်ပြဇယား (Metric Ranking) | ၈.၁၁. ၁၇ | ရွာလူထု | ၄ | ၅ | ၉ | ကျေးရွာသူကျေးရွာသားများ၏ ကျေးရွာအတွက် အဓိကလို အပ်သောစီမံကိန်းလုပ်ငန်းခွဲများကိုညှိနှိုင်းတိုင်ပင်ရေးဆွဲခဲ့ကြသည်။ |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၈.၁၁. ၁၇ | ရွာလူထု | ၆ | ၅ | ၁၁ | ကျေးရွာအတွင်းတွင်ရှိနေသောလူမှုအဖွဲ့အစည်းများ နှင့် ကျေးရွာလူထုအကြား ချိတ်ဆက်နေမှုကိုထင်သာမြင်သာရှိအောင် ဖော်ဆောင်နိုင်ခဲ့သည်။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၈.၁၁. ၁၇ | ရွာလူထု | ၇ | ၆ | ၁၃ | အမျိုးသားနှင့်အမျိုးသမီးများအကြားအလုပ်အကိုင်အခွင့်အလမ်း၊တန်းတူအခွင့် အရေး၊ ပညာသင်ကြား နိုင်မှု၊ ဘဝလုံခြုံမှု စသည့်အခြေအခြေအနေအရပ်ရပ်ကိုဆွေးနွေးခဲ့ကြသည်။ |
| ၆ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း ( Wealth Ranking) | ၈.၁၁. ၁၇ | ရွာလူထု | ၅ | ၄ | ၉ | ကျေးရွာအတွင်းရှိ လူများအကြားငွေကြေး၊ပစ္စည်းဥစ္စာ၊နေအင်အားပိုင်ဆိုင်မှုအဆင့်ခွဲခြားပြသခြင်းဖြင့် ကျေးရွာအတွက် လိုအပ်မည့်ဝင်ငွေရရှိရေးအစီအစဉ်များကို ထည့်သွင်းစဉ်းစားနိုင်ရန် စဉ်းစားခဲ့ကြသည်။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(က) ကျေးရွာလူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ



# လူမှုရေးအရင်းအမြစ်ပြမြေပုံဆွဲနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာ။ ။စည်သာ ရက်စွဲ။ ။၈.၁၁.၂၀၁၇

စည်သာကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး အခြားကျဘမ်းအလုပ်များကိုလည်းလုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။

အဓိကအားဖြင့် ဆီထွက်သီးနှံ(နှမ်း၊မြေပဲ၊နေကြာ) တို့ အဓိကထားလုပ်ကိုင်ကြပြီး ပဲမျိုးစုံကိုလည်း စိုက်ပျိုးကြသည်။ ဝက်၊ နွား၊ ကြက်၊ ဆိတ်၊ သိုး တို့ကိုလည်း မွေးမြူကြပါသည်။

ကျေးရွာပြင်ပသီးခြားနေထိုင်သူမရှိပါ။ ကျေးရွာတွင်း သီးခြားအဖွဲ့အစည်းများလည်းမရှိပါ။ ကျေးရွာတွင်း၌ပင် စည်းလုံးညီညွတ်စွာနေထိုင်ကြပါသည်။


စီးပွားရေးအခြေအနေကြောင့် တစ်နယ်တစ်ကျေးသို့ပြောင်းရွှေ့လုပ်ကိုင်သူများလည်း ရှိပါသည်။

စည်သာကျေးရွာတွင် အခြေခံအဆောက်အဦးများ ပြည့်စုံလုံလောက်မှုမရှိပါ။ အခြေခံအဆောက်အဦးများစွာ လိုအပ်နေပါသေးသည်။

ကျေးရွာသူ၊ ကျေးရွာသားများကျေးရွာလူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံရေးဆွဲနေစဉ်



# (ခ) ရာသီခွင်ပြပြက္ခဒိန်



# ရွာသီခွင်ပြပြက္ခဒိန်ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာ။ ။စည်သာ ရက်စွဲ။ ။၈.၁၁.၂၀၁၇

ပြက္ခဒိန်တွင် ရာသီဥတု အခြေအနေ၊ စိုက်ပျိုးသီးနှံ၊ ဝင်ငွေရရှိမှု၊ ကျန်းမာရေးအခြေအနေ၊ ရာသီပွဲတော်များအကြောင်းပါဝင်ပါသည်။

ကျေးရွာတွင် ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ စိုက်ပျိုးကြ၍ သီးနှံပေါ်ချိန်တွင် ဝင်ငွေအသင့်အတင့်ရှိပါသည်။ ဝင်ငွေနည်းပါးသော အချိန်တွင် ငွေတိုးချေးခြင်း၊ လယ်ပေါင်ခြင်း၊ သီးနှံအကြိုရောင်းခြင်းဖြင့်ဖြေရှင်းကြပါသည်။

ယခင်က သောက်သုံးရေရှားပါး၍ မိုးရာသီတွင် မိုးရေကိုသာသောက်သုံးကြပါသည်။ မိုးရေလှောင်ကန်များပြုလုပ်ပြီး မိုးရာများကို အိမ်တိုင်းတွင် သိုလှောင်ထားကြရပါသည်။ ယခုအခါ လူထုဗဟိုပြုစီမံကိန်းမှ ရေစက်၊ ရေပိုက်လိုင်းနှင့် ကျေးရွာတွင်း ရေကန်တည်ဆောက်ပြီး သောက်သုံးရေသွယ်တန်းပေးထားသည့်အတွက် ယခင်ကဲ့သို့သောက်သုံးရေ အခက်အခဲ မရှိတော့ပါ။

ရာသီပွဲတော်များမှာ ရာသီအလိုက်ဘာသာရေးပွဲများ ပြုလုပ်ကြပါသည်။ သီတင်းကျွတ်လဆန်း(၁၄)ရက် (၁၅)ရက်နှင့် လပြည့်ကျော်(၁)ရက်နေ့များတွင် ကျစွာရှင်ဘုရားပွဲနှင့် ဘိုးတော်ကြီးနတ်ပွဲကို ဖောင်ချဉ်း(၂၄)ရွာမှ စည်ကားသိုက်မြိုက်စွာ ကျင်းပကြပါသည်။

သီးနှံပေါ်ချိန်တွင် တစ်ရွာလုံးနီးပါး အလုပ်များကြပါသည်။ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ပါက ကျေးရွာလူထု အလုပ်နည်းပါးသော အချိန်တွင် စတင်အကောင်အထည်ဖော်သင့်ပါသည်။

စည်သာကျေးရွာတွင် သဘာဝဘေးအန္တရာယ်များ ကျရောက်ဖူးခြင်းမရှိပါ။

# ကျေးရွာသူ၊ ကျေးရွာသားများရာသီခွင်ပြပြက္ခဒိန်ရေးဆွဲနေပုံ



# (ဂ) ဥစ္စာနေပိုင်ဆိုင်မှုပြဇယား

ကျေးရွာအမည်- စဉ့်ဘိဘာ

ကျေးရွာအုပ်စု- စဉ့်ဘိဘာကျေးရွာ

ရက်စွဲ။ ။၈-၁၁-၂၀၁၇

ဥစ္စာဓန အဆင့်သတ်မှတ်ချက် ပုံစံပြဇယား

| စဉ် | အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | ချမ်းသာ | လယ် ၅၀ ဧက အောက်၊ လယ်ထွန်စက်၊ ကျွဲ၊ ထော်လာဂျီ ဆိုင်ကယ်ရှိ၊ ထရက်ကါ | ၃ | ၇% |
| ၂။ | အလယ်အလတ် | ထော်လာဂျီ၊ နွား၊ ဆိုင်ကယ်၊ လယ် ၂၀ ဧက အောက်၊ ဆိုင်ကယ်၊ ထရက်ကါ | ၅ | ၁၂% |
| ၃။ | ဆင်းရဲ | နွား၊ ဝက်၊ ကျွဲလက်ကား ရှိသော အိမ်ခြံမြေရှိ | ၅ | ၁၂% |
| ၄။ | အလွန်ဆင်းရဲ | ရှိသော အိမ်ခြံမြေမရှိ လက်လုပ်လက်စား | ၃၀ | ၆၉% |
| | | စုစုပေါင်း | ၄၃ | ၁၀၀% |

# (ဂ) ဥစ္စာဓနပိုင်ဆိုင်မှုပြဇယားဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာ။ ။စည်သာ ရက်စွဲ။ ။၈.၁၁.၂၀၁၇

စည်သာကျေးရွာတွင် အိမ်ထောင်စု (၄၃) အိမ်ထောင်စုရှိပါသည်။ချမ်းသာ၊အလယ်အလတ် ဆင်းရဲ၊ အလွန်ဆင်းရဲ ဟူ၍ အဆင့်၄ဆင့်သတ်မှတ်ထားပါသည်။

ချမ်းသာသော အိမ်ထောင်စုမှာ ၇%ရှိ၍၊ အလယ်အလတ်အိမ်ထေင်စုနှင့်ဆင်းရဲသော အိမ်ထောင်စုမှာ ၁၂%ခန့်ရှိပြီး အလွန်ဆင်းရဲသောအိမ်ထောင်စုမှာ ၆၉%ခန့်ရှိပါသည်။ ထို့ကြောင့် အလွန်ဆင်းရဲသောရွာကလေးတစ်ရွာဖြစ်ပါသည်။


ကျေးရွာလူထု ဆင်းရဲရခြင်းမှာ လက်လုပ်လက်စားများပြားခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ မြို့ပြနှင့် ဝေးလွန်းခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေးမှာလည်း ညံ့လွန်းသောကြောင့် ဖြစ်ပါသည်။

ကျေးရွာအတွင်းဆင်းရဲနွမ်းပါးမှုများလျော့ကျနိုင်ရန် အလုပ်အကိုင်အကိုင်အခွင့်အလမ်းများ လမ်းပန်းဆက်သွယ်ရေးများ တိုးတက်ကောင်းမွန်ရန်လိုအပ်နေပါသေးသည်။

ကျေးရွာသူ၊ ကျေးရွာသားများဥစ္စာဓနကြွယ်မှုပြဇယားရေးဆွဲနေပုံ



# (ဃ)ပင့်ကူအိမ်သုံးသပ်ချက်ပြဇယား



# ပင့်ကူအိမ်သုံးသပ်ချက်ပြဇယား ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာ။ ။စည်သာ ရက်စွဲ။ ။၈.၁၁.၂၀၁၇

စည်သာကျေးရွာအတွင်းရှိ အမျိုးသမီးများမှာ အိမ်မှုကိစ္စ၊ အလုပ်အကိုင်အခွင့်အလမ်း၊ ပညာရေးနှင့်ကျန်းမာရေးလက်လှမ်းမီမှုတို့တွင် ဦးဆောင်နိုင်ကြပြီး ကျန်နေရာများတွင် ဦးဆောင်မှု အားနည်းနေပါသေးသည်။

အမျိုးသမီးများ အိမ်မှုကိစ္စ၊ အလုပ်အကိုင်အခွင့်အလမ်းပညာရေးနှင့် ကျန်းမာရေး လက်လှမ်းမီမှုတို့တွင် အမှတ်များနေရခြင်းမှာ အိမ်မှုကိစ္စများတွင် အမျိုးသမီးများက အလုပ်ကြမ်း များကို မလုပ်နိုင်ခြင်း မှီခိုလိုစိတ်များနေခြင်းတို့ကြောင့်ဖြစ်ပါသည်။

ပညာရေးတွင် အမှတ်များနေရခြင်းမှာ အခြားအသက်မွေးကြောင်းပြုရာတွင် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်းတို့ကြောင့်ဖြစ်ပါသည်။

ကျန်းမာရေးလက်လှမ်းမီမှုတွင် အမှတ်များနေရခြင်းမှာ အစဉ်အလာအရ အားနွဲ့သူများဟု ခံယူထားခြင်းတို့ကြောင့်ဖြစ်ပါသည်။


အလုပ်အကိုင်အခွင့်အလမ်းများနေရခြင်းတို့မှာ အမျိုးသမီးများက အမျိုးသားများထက် လုပ်အားခဈေးနှုန်းသက်သာခြင်းတို့ကြောင့်ဖြစ်ပါသည်။

ကျန်နေရာများတွင် အမျိုးသမီးများက အမှတ်နည်းနေရခြင်းမှာ ဓလေ့ထုံးတမ်းအစဉ်အလာ အရ ဦးဆောင်ခွင့်အခွင့်အရေးနှင့် နေရာမရရှိခြင်းတို့ကြောင့်ဖြစ်ကြပါသည်။

ကျေးရွာသူ၊ ကျေးရွာသားများပင့်ကူအိမ်သုံးသပ်ချက်ပြဇယားရေးဆွဲနေပုံ



# ( င) အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား



# အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာ။ ။စည်သာ ရက်စွဲ။ ။၈.၁၁.၂၀၁၇

စည်သာကျေးရွာတွင် အဖွဲ့အစည်း (၇)ဖွဲ့ရှိပါသည်။ အုပ်ချုပ်ရေးမှူးအဖွဲ့၊ လူငယ်အဖွဲ့၊ ဂေါပကအဖွဲ့၊ ဓမ္မစကြာအဖွဲ့၊ မီးသတ်အဖွဲ့၊ မြစိမ်းရောင်အဖွဲ့၊ လူထုဗဟိုပြုစီမံကိန်းအဖွဲ့ တို့ဖြစ်ပါသည်။

အုပ်ချုပ်ရေးမှူးအဖွဲ့၊ လူငယ်အဖွဲ့နှင့် မီးသတ်အဖွဲ့တို့က ကျေးရွာ၏ သာရေး၊ နာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။

လူထုဗဟိုပြုစီမံကိန်းအဖွဲ့သည် ကျေးရွာ၏ အခြေခံလိုအပ်ချက်များကို ဖော်ထုတ်ပြီး လိုအပ်ချက်များကို ကျေးရွာလူထုနှင့်အတူပူးပေါင်းဆောင်ရွက်သည့်အဖွဲ့ဖြစ်ပါသည်။

မြစိမ်းရောင်အဖွဲ့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ပေးပါသည်။

ဂေါပကအဖွဲ့နှင့် ဓမ္မစကြာအဖွဲ့တို့က ကျေးရွာ၏ ဘာသာရေးလုပ်ငန်းများလုပ်ကိုင်ကြပါသည်။

ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ချိတ်ဆက်မှု အားကောင်းကြပါသည်။


ကျေးရွာပြင်ပရှိအဖွဲ့အစည်းများမှာ ရဲစခန်း၊ ပညာရေးမှူးရုံး၊ မြစိမ်းရောင် အဖွဲ့အစည်းတို့ဖြစ်ပါသည်။

ကျေးရွာပြင်ပရှိအဖွဲ့အစည်းများနှင့်ချိတ်ဆက်မှုအားနည်းနေပါသေးသည်။

ကျေးရွာသူ၊ ကျေးရွာသားများအဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံရေးဆွဲနေပုံ



# (စ) အရင်းအမြစ် သုံးစွဲမှုနှင့် ထိန်းချုပ်မှုပြဇယား



ကျောင်းသူ အမည် - [illegible]

ရက်စွဲ။ ။၈-၁၁-၂၀၁၇

ကျောင်းသူ လက်မှတ် - [illegible]

"[illegible]"

| အမျိုးသား | အမျိုးသမီး | အမျိုးသား / အမျိုးသမီး |
| --- | --- | --- |
| ရေစုပ်စက် | ဟင်းအိုး | |
| မော်တော်ကား | အပ်ချုပ်စက် | |
| ထွန်စက် | | |
| [illegible] | | |
| နွားလှည်း | | |
| အားကစားကွင်း | | |
| | | |

# အရင်းအမြစ်သုံးစွဲမှုနှင့်ထိန်းချုပ်မှုပြဇယား ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာ။ ။စည်သာ ရက်စွဲ။ ။၈.၁၁.၂၀၁၇

အမျိုးသားများသုံးစွဲသော အရာများမှာ ထော်လာဂျီ၊ ထွန်စက်၊ မော်တော်ကား၊ နွားလှည်းတို့ဖြစ်ပါသည်။ အမျိုးသမီးများသုံးစွဲသောအရာများမှာ အပ်ချုပ်စက်၊ ယက်ကန်းစဉ်တို့ဖြစ်ကြပါသည်။

အမျိုးသား အမျိုးသမီး သုံးစွဲသောအရာများမှာ ဘုန်းကြီးကျောင်း၊ လမ်း၊ စာသင်ကျောင်း၊ ရေတွင်း၊ ရေကန် တို့ဖြစ်ကြပါသည်။

အမျိုးသားများထိန်းချုပ်သောအရာများမှာ ထော်လာဂျီ၊ ထွန်စက်၊ မော်တော်ကား၊ နွားလှည်း။ ဘုန်းကြီးကျောင်း၊ လမ်း၊ စာသင်ကျောင်း၊ ရေတွင်း၊ ရေကန်တို့ဖြစ်ကြပါသည်။

အမျိုးသမီးများထိန်းချုပ်သောအရာများမှာ အပ်ချုပ်စက်၊ ယက်ကန်းစဉ်တို့ဖြစ်ကြပါသည်။

အမျိုးသားများသည် အမျိုးသမီးများထက် ထိန်းချုပ်မှု ပိုများပါသည်။ အမျိုးသမီးများထိန်းချုပ်မှုနည်းနေရခြင်းမှာ ရှေးရိုးအစဉ်အလာအရ အမျိုးသမီးများမှာ အမျိုးသားများကိုနေရာပေးခြင်း၊ မိမိကိုယ်ကို အားနည်းသူဟု ယူဆကာ နောက်လိုက်လုပ်လိုခြင်း၊ အမျိုးသားများ က အမျိုးသမီးများကို လက်တွဲမခေါ်ခြင်းတို့ကြောင့်ဖြစ်ပါသည်။

အမျိုးသား၊ အမျိုးသမီး တန်းတူထိန်းချုပ်မှု ပိုင်ဆိုင်မှုများရှိစေရန် အမျိုးသားများမှ အမျိုးသမီးများကို နေရာပေးသင့်ပါသည်။ အမျိုးသမီးများမှလည်း တန်းတူ ရင်ဘောင်တန်းလိုစိတ်များရှိရန်လိုအပ်ပါသည်။

ကျေးရွာသူ၊ ကျေးရွာသားများအရင်းအမြစ် သုံးစွဲမှုနှင့် ထိန်းချုပ်မှုပြဇယားရေးဆွဲနေပုံ



## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ









# ၈။ ကျေးရွာအချက်အလက်( ပုံစံ-၁)

| | | | | | |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား __________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/ မရှိပါ/ မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် --------- /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---0---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်-------0---------ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား -----------------

မိုးရာသီတွင်ကြာချိန်---------------0-----------ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား -----------------

| | | | | | | |
|---|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | | ဗလီ | ☐ |
| | | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? ခုနှစ် ၂၀၁၄/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၀---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------၀---------(ထော်လာဂျီ)/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်-------------------၀------------(ထော်လာဂျီ)/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ----------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဝဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -- မြစိမ်းရောင် ----------

(၂) ----------------------------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

| | |
|---|---|
| ကျေးရွာခေါင်းဆောင် | အမည် ဦးသိန်းရင် |
| | လက်မှတ် [signature] နေ့စွဲ 8.11.2017 |
| လူထုစည်းရုံးရေးမှူး | အမည် ဦးဌေးလှစိုးထွန်း |
| | လက်မှတ် [signature] နေ့စွဲ 8.11.2017 |

# ၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား ( ပုံစံ-၂)

ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးဌေးလင်းထွန်း | | | |
| နေ့စွဲ ၈.၁၁.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း မန္တလေး | မြို့နယ် မြင်းခြံ | ကျေးရွာအုပ်စု စည်သာ | ကျေးရွာ စည်သာ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၈.၁၁.၁၇ | ၈.၁၁.၁၇ | ၁၅ | ၁၂ | ၂၇ | ဗမာ | ၂၇ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၈.၁၁.၁၇ | ၈.၁၁.၁၇ | ၁၅ | ၁၂ | ၂၇ | ဗမာ | ၂၇ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၃၀.၁၁.၁၇ | ၃၀.၁၁.၁၇ | ၉ | ၂ | ၁၁ | ဗမာ | ၁၁ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

# ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ( ပုံစံ-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

*လမ်းညွှန်ချက်။* အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးမြေဝေးဆွေ

| | |
|---|---|
| နေ့စွဲ ၈.၁၁.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ■ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |

| | | | |
|---|---|---|---|
| ပြည်နယ်/တိုင်း မကွေး | မြို့နယ် ပွင့်ဖြူ | ကျေးရွာအုပ်စု ရည်ဘိသာ | ကျေးရွာ ရည်ဘိသာ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ဒေါက်တာဆရာဝန်၊ ကျောင်းဆရာ၊ ဆေးစောင့်ရှောက်မှုနည်း | ၁ | ရွာတွင်းလမ်းများ မကောင်း |
| ၂ | လျှပ်စစ်မီး၊ ရေရှား ခက်ခဲမှုများရှိ | ၂ | ရွာပြင်လမ်း မကောင်း မြို့သွားရန်ခက်ခဲ |
| ၃ | ရွာတွင်းလမ်းများ မိုးရာသီသွားရခက် | ၃ | ရွာသားများ ဗဟုသုတ နည်းပါး |
| ၄ | ရွာပြင်လမ်းများ မိုးရာသီ ပျက်စီး | ၄ | အရေးပေါ်ကျန်းမာရေး ပြဿနာဖြစ်လျှင် မြို့သွားရန်ခက်ခဲ |
| ၅ | | ၅ | အမျိုးသမီးများ အလုပ်အကိုင်ရှား ငွေဝင်ငွေနည်း |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျောင်းဆရာ၊ ဆေးစောင့်ရှောက်မှုရရန် | ၁ | ရွာတွင်းလမ်းများ သွားလာရလွယ်ကူရန် |
| ၂ | လျှပ်စစ်မီး ရရှိရန် | ၂ | ရွာပြင်လမ်းများ ကောင်းပြီး မြို့သွားရလွယ်ကူရန် |
| ၃ | ရွာတွင်းလမ်းများ သုံးရာသီ အကောင်းဖြစ်ရန် | ၃ | ရွာသားများ ဗဟုသုတ တိုးရန် |
| ၄ | ရွာပြင်လမ်း မိုးရာသီ ခရီးကောင်းစေရန် | ၄ | အရေးပေါ်ကျန်းမာရေး ပြဿနာဖြစ်လျှင် မြို့သွားနိုင်ရန် |
| ၅ | | ၅ | အမျိုးသမီးများ အလုပ်အကိုင်ရရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းလမ်း ပြုပြင်ခြင်း | ကျား၊မ | ၁၅,၀၀၀,၀၀၀ | ၃၀၀ |
| ၂ | ရွာပြင်လမ်း ပြုပြင်ခြင်း | ကျား၊မ | ၁၅,၀၀၀,၀၀၀ | ၅၀၀ |
| ၃ | ကျောင်းခြံစည်းရိုး ပြုပြင်ခြင်း | ကျား၊မ | ၆,၅၀၀,၀၀၀ | ၃၀၀ |
| ၄ | စာကြည့်တိုက် | မ | ၈,၀၀၀,၀၀၀ | ၂၃၀ |
| ၅ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး | အဆိုပြုသူ (အမျိုးသားများ/ | အခန်းကဏ္ဍ |
|---|---|---|---|

| | တိုးတက်မှု လုပ်ငန်းစဉ်များ | အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | |
|---|---|---|---|
| ၁ | [illegible] | ကျား၊မ - | |
| ၂ | [illegible] | မ | |
| ၃ | [illegible] | မ | |
| ၄ | [illegible] | မ | |
| ၅ | [illegible] | မ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] လက်မှတ် [illegible] နေ့စွဲ ၁၈.၁၁.၂၀၁၇

## ၁၁။အစည်းအဝေးမှတ်တမ်းများ

### အစည်းအဝေးမှတ်တမ်း

အကြောင်းအရာ။ ။ စီမံကိန်းမိတ်ဆက်အစည်းအဝေး

ကျေးရွာအမည် ။ ။စည်သာကျေးရွာ ရက်စွဲ။ ။၈. ၁၁. ၂၀၁၇

အုပ်စု ။ ။ စည်သာအုပ်စု

လူဦးရေ ။ ။ ကျား-၁၅ မ-၁၂= စုစုပေါင်း-၂၇ ဦး

အိမ်ထောင်စု ။ ။၂၇ခု

အစည်းအဝေးစတင်ချိန် 12:00 PM

### 12:00to12:10PMစည်သာကျေးရွာရာအိမ်မှူးဦးသန့်ဇင်မှအဖွင့်အမှာစကားပြောကြားခြင်း

ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် စည်းစည်းလုံးလုံးနှင့်ကျေးရွာလူထုက အစည်းအဝေးပြီးဆုံးသည်ထိ တတ်ရောက်ရန် တတ်တတ်ကြွကြွပူးပေါင်း ပါဝင်ရန်ပြောကြား။ ကျေးရွာ၏အမှန်တစ်ကယ်လိုအပ်ချက်များကို ကျေးရွာလူထုမှ ပူပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရန် အမှာစကားပြောကြား။ မိမိတို့လိုအပ်ချက်ကို သေချာစဉ်းစားပြီး အကောင်းဆုံးဖော်ထုတ် ပေးကြရန်တိုက်တွန်းပြောကြားခဲ့ပါသည်။

### 12:11 to 12:35 PM လူထုစည်းရုံးရေးမှူး ဦးငွေလင်းထွန်း မှ စီမံကိန်း မိတ်ဆက်အကြောင်းရှင်းလင်းပြောကြား

စီမံကိန်းမိတ်ဆက် ၁၅ချက်ကိုအသေးစိတ် ရှင်းလင်းပြသပြောဆိုခဲ့ပါသည်။ ပထမနှစ်စက်ဝန်းမှာလည်း လုပ်ကိုင်ပြီးသည်ဖြစ်သည့်အတွက် အတွေ့အကြုံများရှိလာပြီဖြစ်သည့်အတွက် ကျေးရွာလူထုမှ အဓိက ပူပေါင်းပါဝင်လုပ်ဆောင်ကြရန် နှင့်တတ်တတ်ကြွကြွပွင့်လင်းမြင်သာမှုရှိစွာဆောင်ရွက်ကြရန် ပြောကြား။ အနှစ်ချုပ်အနေဖြင့် မရှင်းလင်းသည်များကို ကျေးရွာလူထုမှ မေးမြန်းကြရန်ပြောကြား။

### 12:36 to 12:50 PM စီမံကိန်းစက်ဝန်းအကြောင်းကို ဦးငွေလင်းထွန်းမှ ရှင်းလင်းပြောကြား

စက်ဝန်းတစ်ပါတ်လည်သလို စီမံကိန်းမှာလည်း တစ်ပါတ်လည်သွားပြီးဖြစ်သည့်အတွက် ဒုတိယနှစ်စီမံကိန်းစက်ဝန်းသို့ရောက်လာပြီးဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ယခုနှစ်စီမံကိန်းစက်ဝန်းတစ်လျှောက်လုံးကိုလည်း ကျေးရွာလူထုမှ အဓိက လုပ်ဆောင်သွားရမည်ဖြစ်ကြောင်းဆွေးနွေးခဲ့ပါသည်။ ဒုတိယနှစ်စက်ဝန်းမှာလည်း စီမံကိန်းမှာ အပိုင်း(၆)ပိုင်းနှင့် အဆင့်(၁၄)ဆင့် တို့ရှိကြောင်းနှင့် ၎င်းတို့ကို အသေးစိတ် ထပ်မံရှင်းလင်းပြောကြားခဲ့ပါသည်။

### 12:51 to 1:05PMတာဝန်ရှိသူနှင့်တာဝန်ဝတ္တရားများအကြောင်းကိုဒေါ်ဌေးဌေးဦးမှ ရှင်းလင်းပြောကြား

စီမံကိန်းအတွင်းတာဝန်ရှိသူများနှင့် ၎င်းတို့၏တာဝန်ဝတ္တရားများအကြောင်းကိုတစ်ခုချင်း အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပါသည်။ပထမနှစ်စက်ဝန်းမှာ လုပ်ကိုင်ဆောင်ရွက်ပြီးသည် ဖြစ်သည့်အတွက် ကော်မတီဝင်များ အနေဖြင့် မိမိတို့၏ ရာထူးနှင့် တာဝန်များကို သိလောက်မည်ဖြစ်ကြောင်း မရှင်းလင်းသည်များရှိခဲ့လျှင် မေးမြန်းစေလိုကြောင်း ပြောဆိုဆွေးနွေးခဲ့ပါသည်။

ဦးငွေလင်းထွန်း၊ ဒေါ်ဌေးဌေးဦး၊ ဦးကောင်းမြတ်မျိုး တို့မှ စီမံကိန်းမိတ်ဆက်၊ စီမံကိန်းစက်ဝန်း၊ တာဝန်ရှိသူများနှင့် တာဝန်ဝတ္တရားများအကြောင်းကို အနှစ်ချုပ်ပြောကြားပြီး ကျေးရွာလူထုနှင့် အပြန်အလှန် ဆွေးနွေးကြ၍ မရှင်းလင်းသည်များကို မေးမြန်းဖြေကြားခဲ့ပါသည်။

**1:06 to 1:15 PM** လူထုစည်းရုံးရေးမှူး ဒေါ်ဌေးဌေးဦးမှ ပထမနှစ်စက်ဝန်းမှ စေတနာ့ဝန်ထမ်းနှစ်ဦးကို ကျေးရွာလူထုမှဆက်လက်လုပ်ကိုင်စေလိုခြင်းရှိမရှိမေးမြန်းခဲ့ရာ ရွာလူထုမှ ဆက်လက်လုပ်ကိုင်ရန်သဘောတူညီကြပြီး ကာယကံရှင်များကို မေးမြန်းခဲ့ရာ အမျိုးသမီးစေတနာ့ဝန်ထမ်းမှာ ဆက်လက်လုပ်ကိုင်မည်ဟု သဘောတူညီခဲ့ပါသဖြင့်ဆက်လက်အတည်ပြုခန့်အပ်ခဲ့ပါသည်။ အမျိုးသားစေတနာ့ဝန်ထမ်းမှာ ဆက်လက် မလုပ်နိုင်တော့ပါသဖြင့် ၎င်းအစား ဦးသန့်ဇင်အား ကျေးရွာလူထုမှ အဆိုပြုရွေးချယ်ခန့်အပ်ခဲ့ကြပါသည်။

## 1:17 PM လူမှုဆန်းစစ်ခြင်း လုပ်ငန်းများကို အဖွဲ့ခွဲ၍ လုပ်ဆောင်

လူမှုအရင်းအမြစ်ပြမြေပုံ နှင့် ဥစ္စာဓနကြွယ်ဝမှုဇယားအကြောင်းကို ဦးငွေလင်းထွန်း မှ ရွာသူရွာသားများနှင့်အတူ ကျေးရွာ၏မြေပုံကိုပြန်လည်ပြသ၍ရွာအတွင်းရှိ နေအိမ်အဆောက်အဦး အခြေခံအဆောက်အဦးများကို ပြန်လည်အတည်ပြုမေးမြန်းရေးဆွဲခြင်း နောက် (၅)နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးကို မည်ကဲ့သို့ ထပ်မံစိတ်ကူးပုံဖော်ထားကြောင်း နှင့် လိုအပ်သည်များကို ကျေးရွာလူထုမှတင်ပြ၍ မြေပုံအတွင်းထည့်သွင်း ဖြည့်စွက်ခြင်းတို့ကို လုပ်ဆောင်ခဲ့ပါသည်။ ဥစ္စာဓန ကြွယ်ဝမှုမှ ကျေးရွာအတွင်း လူမှုလူတန်းစား အဆင့်(၄)မျိုးမှာလည်း ပြောင်းလဲလာမှုရှိမရှိမေးမြန်းခဲ့ရာ ပြောင်းလဲမှုမရှိသေးသည့်အတွက် ယမန်နှစ်မှ အကြောင်းအရာများအားပြန်လည်အတည်ပြု မေးမြန်းဆွေးနွေး ခဲ့ကြပါသည်။ ဆင်းရဲသူလူတန်းစားများ နည်းပါးလာစေရန်စက်မှုလက်မှုသင်တန်းများနှင့် ဝင်ငွေရရှိစေရန် အလုပ်ရုံများဖွင့်လှစ်စေချင်ကြောင်းပြောကြခဲ့ပါသည်။

ပင့်ကူအိမ်သုံးသပ်ခြင်းနှင့် ပိုင်ဆိုင်မှုသုံးသပ်ခြင်းအကြောင်းကို ဒေါ်ဌေးဌေးဦးမှ ရွာသူရွာသားများနှင့်အတူ ပင့်ကူအိမ်သုံးသပ်ချက်အားပြန်လည် ဆွေးနွေးခဲ့ရာအမျိုးသား၊အမျိုးသမီး အခွင့်အရေး၊ ဦးဆောင်နိုင်မှု၊ ဝင်ငွေရရှိမှု အလုပ်အကိုင်အခွင့်အလမ်းတို့မှာအမျိုးသား၊အမျိုးသမီး တန်းတူအခွင့်အရေးရှိမရှိ မေးမြန်းပြောဆိုပြီး တန်းတူအခွင့်မရရှိသေးသည့်အကြောင်း စီမံကိန်းကာလမှာပင် တန်းတူအခွင့်အရေးအရေးရကြောင်း ကျန်ကာလများမှာ မပြောင်းလဲသေးကြောင်း ပြောင်းလဲရန်မှာ အချိန်ယူရမည်ဖြစ်ကြောင်း ပြောဆိုခဲ့ကြပါသည်။ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုများမှာ အမျိုးသားများက အမျိုးသမီးများထက် ပိုင်ဆိုင်မှု ထိန်းချုပ်မှုများ နေတုန်းပင် ရှိသေးကြောင်း အနည်းငယ်တော့ ပြောင်းလဲလာပြီဖြစ်ကြောင်းပြောဆိုဆွေးနွေးကြပါသည်။

ရာသီခွင်ပြပြက္ခဒိန်နှင့်အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံအကြောင်းကိုဦးကောင်းမြတ်မျိုး မှရွာသူရွာသား များနှင့်အတူ ၁၂ ရာသီအတွင်း ကျေးရွာတွင် ဖြစ်ပျက်နေသည့် ရာသီဥတုအခြေအနေ၊ စိုက်ပျိုးသီးနှံ၊ ရာသီပွဲတော်၊ သောက်သုံးရေ၊ ဝင်ငွေရရှိမှု၊ သဘာဝဘေးအန္တရာယ်၊ အစားအစာဖူလုံမှု၊ ကျန်းမာရေး၊ အခြေအနေတို့ကို ပြန်လည်အတည်ပြုမေးမြန်းဖော်ထုတ်ခဲ့ရာ ထူးထူးခြားခြားပြောင်းလဲမှုမရှိ သေးကြောင်းပြောဆိုဆွေးနွေးကြပါသည်။ ကျေးရွာအတွင်းအဖွဲ့အစည်းများ တိုးလာမှုရှိမရှိမေးမြန်းရာ လူထုဗဟိုပြုစီမံကိန်းမှလွဲ၍မရှိသေးကြောင်း အဖွဲ့အစည်းများအချင်းချင်းချိပ်ဆက်မှု ရှိလာပြီဖြစ်ကြောင်းပြော ဆိုကြပါသည်။

လူမှု့ဆန်းစစ်ခြင်းလုပ်ငန်းစဉ်များအကြောင်းကို ရွာသူ့ရွာသားများနှင့် အနှစ်ချုပ် ပြန်လည်တင်ပြ ဆွေးနွေးပြီး အစည်းဝေးကိုအောင်မြင်စွာရုပ်သိမ်းခဲ့ပါသည်။

အစည်းအဝေးပြီးဆုံးချိန် **2:15 PM**

# အစည်းအဝေးမှတ်တမ်း

အကြောင်းအရာ။ ။ ဒုတိယအကြိမ်အစည်းအဝေး

ကျေးရွာအမည် ။ ။ စည်သာကျေးရွာ ရက်စွဲ။ ။၈. ၁၁. ၂၀၁၇

အုပ်စု ။ ။ စည်သာကျေးရွာ

လူဦးရေ ။ ။ ကျား-၁၅၊ မ- ၁၂= စုစုပေါင်း ၂၇ ဦး

အိမ်ထောင်စု ။ ။၂၇ခု

အစည်းအဝေးစတင်ချိန် 4:00 PM

**4:00to4:05 PM စည်သာကျေးရွာ ရာအိမ်မှူး ဦးသန့်ဇင်မှအဖွင့်အမှာစကားပြောကြားခြင်း။**

နေ့လည်ပိုင်းမှပထမအကြိမ်အစည်းအဝေးတက်ရောက်သလို ညနေပိုင်းဒုတိယအကြိမ အစည်းအဝေးမှာလည်း ခုလိုစုံစုံညီညီ တက်ရောက်ပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း အစည်းအဝေးတွင် ပြီးစီးအောင်နားထောင်ပေးကြဖို့၊ လုပ်ငန်းရွေးချယ် ခြင်းနှင့် ကော်မတီများပြန်လည်အတည်ပြုရွေးချယ်ရာတွင်လည်း သေချာ ရွေးချယ်ကြရန်ပြောကြားခဲ့ပါသည်။

**4:07 to 4:15 PM** ဦးငွေလင်းထွန်း၊ ဒေါ်ဌေးဌေးဦး၊ ဦးကောင်းမြတ်မျိုး တို့မှ ပထမအကြိမ်အစည်းအဝေးမှ လူမှုဆန်းစစ်ချက် များအားပြန်လည်တင်ပြဆွေးနွေးမရှင်းလင်းသည်များ လိုအပ်ချက်များရှိပါက မေးမြန်းပြောဆိုကြရန်ပြောကြားပါသည်။

**4:17 PM**ဦးငွေလင်းထွန်း၊ဒေါ်ဌေးဌေးဦး၊ဦးကောင်းမြတ်မျိုး တို့မှကျေးရွာလူထုအားဦးစားပေးလုပ်ငန်းများရွေးချယ်ရာတွင်ကူညီ။

ဦးစားပေးလုပ်ငန်းများအားပြန်လည်အတည်ပြုရန်အမျိုးသား၊အမျိုးသမီးများ၏ပြဿနာအခက်အခဲများ၊မျှော်မှန်းချက်များရှင်းပြ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ရွေးချယ်ခဲ့ရာ ပထမဦးစားပေးအနေဖြင့် ရွာတွင်းလမ်းများပြုပြင်ခြင်း၊ နံပါတ်(၂)ဦးစားပေး ရွာပြင်လမ်းပြုပြင်ခြင်း၊ နံပါတ်(၃)ဦးစားပေးကျောင်းခြံစည်းရိုးပြုပြင်ခြင်း၊ နံပါတ်(၄)ဦးစားပေး စာကြည့်တိုက်ဆောက်လုပ်ခြင်း၊ နံပါတ်(၅)ဦးစားပေး ဆေးခန်းနှင့်ဆရာ/ဆရာမရရှိရေး၊ နံပါတ်(၆)ဦးစားပေး နာမှုကူညီရေးကား၊ နံပါတ်(၇)ဦးစားပေး အပ်ချုပ်သင်တန်း၊ နံပါတ်(၈)ဦးစားပေး အလှပြင်သင်တန်း၊ နံပါတ်(၉)ဦးစားပေး စက်ယက်ကန်းစဉ်ဟူ၍ ဦးစားပေးလုပ်ငန်းများထွက်ပေါ် လာခဲ့ပါသည်။

ဦးကောင်းမြတ်မျိုးမှ စီမံကိန်းအတွင်း အကျုံးဝင်သောလုပ်ငန်းများနှင့် အကျုံးမဝင်သောလုပ်ငန်းများအကြောင်းရှင်းပြပြီး စီမံကိန်းလုပ်ငန်းလုပ်ကိုင်ရာတွင် လူမှုပန်ဝန်းကျင် အကာအကွယ်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ်များအကြောင်းတို့ ကိုရှင်းလင်းပြောကြားခဲ့ပါသည်။

ဦးငွေလင်းထွန်း၊ ဒေါ်ဌေးဌေးဦး၊ ဦးကောင်းမြတ်မျိုးတို့မှ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီများကို ပြန်လည်အတည်ပြုရွေးချယ်ခဲ့ကြရာ ကျေးရွာလူထုအား ပထမနှစ်စက်ဝန်းမှ ကော်မတီဝင်များအားထပ်မံခန့်အပ်ရန် သဘောတူမတူမေးမြန်းခဲ့ကြပါသည်။ ကျေးရွာလူထုမှ ပထမနှစ်စက်ဝန်းမှ ကော်မတီဝင်များ၏လုပ်ဆောင်ချက်များ မှန်ကန်တိကျမှုကို သဘောကျသဖြင့်၄င်းကော်မတီဝင်များအားပြန်လည်ခန့်အပ်ရန်သဘောတူညီခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ကော်မတီဝင်များအား ပြန်လည်လုပ်ကိုင်လိုခြင်းရှိမရှိကိုတစ်ဦးခြင်းမေးမြန်းခဲ့ရာ တစ်ခြားကော်မတီဝင်များမှာဆက်လက်လုပ်ကိုင်နိုင်ကြပါသည်။ ဝယ်ယူရေး

ကော်မတီဝင် ဦးစိုးငြိမ်းနှင့် ဒေါ်အိအိဝင်းတို့မှာ ပြန်လည်လုပ်နိုင်ခြင်းမရှိသည့်အတွက် ၎င်းတို့အစား ဦးအောင်လွင်ဦးနှင့် ဒေါ်တင်ယုခိုင်တို့အား ကျေးရွာလူထုမှ အဆိုပြုရွေးချယ်တင်မြှောက်ခဲ့ကြပါသည်။

အထက်ပါအကြောင်းအရာများအားလုံးကို ပြန်လည်အတည်ပြုသဘောတူအနှစ်ချုပ်ခဲ့ကြပြီးအစည်းအဝေးကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြပါသည်။

**အစည်းအဝေးပြီးဆုံးချိန် 5:00 PM**

# ကျေးရွာလူထုမဲပေးရွေးချယ်ခဲ့သောစည်သာကျေးရွာကော်မတီဝင်များစာရင်း

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁ | ဦးသန့်ဇင် | ကျေးရွာ စေတနာ့ဝန်ထမ်း |
| ၂ | ဒေါ်နန်းပပဝင်း | ကျေးရွာ စေတနာ့ဝန်ထမ်း |
| ၃ | ဦးထွန်းလွင် | စီ-ထောက်ဥက္ကဋ္ဌ |
| ၄ | ဒေါ်သီရိရတနာသိမ့် | စီ-ထောက်ဥက္ကဋ္ဌ |
| ၅ | ဦးထွန်းဝင်းအောင် | ဝယ်ယူရေးဆပ်ကော်မတီ |
| ၆ | ဦးအောင်လွင်ဦး | ဝယ်ယူရေးဆပ်ကော်မတီ |
| ၇ | ဒေါ်တင်ယုခိုင် | ဝယ်ယူရေးဆပ်ကော်မတီ |
| ၈ | ဦးမြင့်ကြိုင် | ကျေးရွာငွေစာရင်းကိုင် |
| ၉ | ဦးတင်အိ | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၀ | ဒေါ်စန | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၁ | ဦးဆွေငြိမ်း | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၁၂ | ဒေါ်သန်းသန်းဦး | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၁၃ | ဒေါ်ခင်ချိုဦး | အကြံပြုတိုင်ကြားရေးတာဝန်ခံ |
| ၁၄ | ဦးကြည်ခိုင် | အကြံပြုတိုင်ကြားရေးတာဝန်ခံ |

# ၁၄။ကျေးရွာဖွံ့ဖြိုးရေးစီမံချက် အရည်အသွေးထိန်းချုပ်မှု (Checklist For VDP)

| | | အဆင့် | လုပ်ငန်း | မည်သူဦးစီးပေးလဲ | လ/နှစ် | ကျေးရွာတာဝန်ခံ(သို့)အုပ်စု | ပြင်ပမှမည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | | ၁ | ရွာပြင်လမ်းပြုပြင်ခြင်း | ☐ ကျေး<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | | ၂ | ရွာတွင်းလမ်းပြုပြင်ခြင်း | ကျေး√<br>မ√ | | မရှိသေးပါ | မရှိသေးပါ |
| | | ၃ | | ☐ ကျေး√<br>☐ မ√ | | | |
| | | ၄ | | | | | |
| | | ၅ | | | | | |
| အသက်မွေးဝမ်းကျောင်းမှု၊ စီးပွားရေး | | ၁ | စက်ချုပ်၊ အလှပြင်သင်တန်း | ☐ ကျေး√<br>☐ မ | | မရှိသေးပါ | မရှိသေးပါ |
| | | ၂ | စက်ယက်ကန်း | ☐ ကျေး<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | | ၃ | | ☐ ကျေး<br>☐ မ | | | |
| | | ၄ | | ☐ ကျေး<br>☐ မ | | | |
| | | ၅ | | ☐ ကျေး<br>☐ မ | | | |
| ကျန်းမာရေးနှင့် အာဟာရ | | ၁ | ဆေးခန်းဖွင့်လှစ်ရန် | ☐ ကျေး√<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | | ၂ | | ☐ ကျေး<br>☐ မ | | | |
| | | ၃ | | ☐ ကျေး<br>☐ မ | | | |
| | | ၄ | | ☐ ကျေး<br>☐ မ | | | |
| | | ၅ | | ☐ ကျေး<br>☐ မ | | | |
| ပညာရေး | | ၁ | | ☐ ကျေး<br>☐ မ | | | |
| | | ၂ | စာသင်ကျောင်းအုတ်တံတိုင်းပြုလုပ်ခြင်း | ☐ ကျေး√<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | | ၃ | စာကြည့်တိုက် | ☐ ကျေး<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| အခြား | | ၁ | လူမှုကူညီရေးကားကြီး | ☐ ကျေး<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | | ၂ | | ☐ ကျေး<br>☐ မ | | | |
| | | ၃ | | ☐ ကျေး<br>☐ မ | | | |
| | | ၄ | | ☐ ကျေး<br>☐ မ | | | |

၁၄။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် အရည်အသွေးထိန်းချုပ်မှု (Checklist For VDP)

ထိန်းချုပ်သူ ရက်စွဲ- ရွာ- VDP ရက်စွဲ

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက် ရလဒ်)
- အမျိုးသား/ အမျိုးသမီး အဖွဲ့များ သဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများ စာရင်း ( အခြေခံအဆောက်အဦ၊ အသက်မွေးမှု၊ ပညာရေး၊ လူမှုရေး ထိန်းသိမ်းမှု...)

နောက်ဆက်တွဲများ -

- လူမှုအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ....
- ကျေးရွာစီမံကိန်း ရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏ အချက်အလက် ( PC1 ပုံစံ )
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုအကဲဖြတ်မှု အရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင် ပါဝင်သောလူဦးရေ ( အမျိုးသား/ အမျိုးသမီး)
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက် -
- ပါဝင်သော လူဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း ( အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသား အနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့

- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီး အဖွဲ့အစည်းအဝေး၏ ရလဒ်အား ခွဲခြားပေးထားသလား
    - ရှိ
    - မရှိ
- စီမံကိန်း အရေအတွက် (အမျိုးသား/ အမျိုးသမီး ရွေးချယ်မှု အရေအတွက်) –

PRA နှင့် သက်ဆိုင်သော အခြား စီမံကိန်းအရေအတွက် (အမျိုးသား/ အမျိုးသမီး ရွေးချယ်မှု အရေအတွက်) –